Delete and use school letterhead

Delete and type date

Delete and type parent/carer name and address

## စာသင်နှစ် ၇ အတန်းတွင် ကျောင်းဝင်ခွင့်ကိစ္စ။

**PLACEMENT IN YEAR 7 NEXT YEAR**

ကျောင်းသား/ကျောင်းသူအမည်။ Delete and type name of student

Year 7; အတန်းတွင် ကျောင်းတက်ခွင့်ရလိုသည့် ပြက္ခဒိန်နှစ်။ Delete and type calendar year for placement in Year 7

ကျောင်းတက်ခွင့်လျှောက်လွှာပြန်ပို့ရမည့်နေ့စွဲ။ Delete and type date for return of Application to enrol

အကူအညီလိုပါက ဆက်ရန်ဖုန်းနံပါတ်။ Delete and type school telephone number

မိဘ/ အုပ်ထိန်းသူ ခင်ဗျား/ ရှင့်

အထက်တွင် အမည်ဖော်ပြထားသည့် သင်၏သား/ သမီးအတွက် ဒီကျောင်း၏ Year 7 အတန်းတွင် တက်ရောက်လိုသည့် ဆန္ဒပြုခြင်းအတွက် ကျေးဇူးတင်ပါသည်။

သင်၏ စိတ်ဝင်စားမှုဖော်ပြချက်နှင့်အညီ သင်၏သား/သမီး ကို လာမည့်နှစ်အတွင်း ကျောင်းဝင်ခွင့်ပြုစာရင်းတွင်ထည့်သွင်းရန် ကျွန်ုပ်တို့ သတ်မှတ်ထားပြီးဖြစ်သည်။ သင် သတိပြုရန်မှာ ပြည့်စုံသည့် ကျောင်းဝင်ခွင့်လျှောက်လွှာကို ကျောင်းမှလက်မခံသ၍ သင့် သား/သမီး၏ ကျောင်းဝင်ခွင့်ကို အတည်မပြုနိုင်ပါ။

ကျောင်းဝင်ခွင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို သင့်အနေနှင့် ဆက်လက် ဆောင်ရွက်ရန် ဆန္ဒရှိပါက ပူးတွဲပါ နယူးဆောက်ဝေးလ် အစိုးရကျောင်းဝင်ခွင့် လျှောက်လွှာကို *(Application to enrol in a NSW government school)* အင်္ဂလိပ်ဘာသာဖြင့် ပြည့်စုံစွာ ဖြည့်စွက်၍ ကျွန်ုပ်ထံ သတ်မှတ်ထားသည့် နေ့ရက် အတွင်း တင်ပြရပါမည်။

ဤပုံစံတွင် ကဏ္ဍများများ မှာ သင့် အတွက် ဖြည့်ထားပြီးဖြစ်ပါသည်။ ၎င်းအချက်အလက်များမှာ သင့်ကလေး နှင့်ပတ်သက်သည့် ကျောင်းစာရင်းများ အရ ရရှိထားခြင်းဖြစ်သည်။

1. အချက်အလက်အားလုံးကို သေချာစွာစစ်ဆေးပြီး လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်ပါ။
2. လိုအပ်နေသည့်အချက်များကိုဖြည့်စွက်ပါ။
3. လိုအပ်သည့်မေးခွန်းများအားလုံး ဖြည့်ပြီး လက်မှတ်ထိုးပါ။

သတိပြုရန်။

- သင်၏ အလုပ်အကိုင်နှင့် ပညာအရည်အချင်းမှအပ လျှောက်လွှာပုံစံတွင် ပါရှိသည့် မေးခွန်းများအားလုံးကို မဖြေမနေရ ဖြေဆိုရမည်ဖြစ်သည်။
- အထက်တွင်ဖော်ပြထားသောနေ့ရက်အတွင်း အသင်၏ကျောင်းဝင်ခွင့် လျှောက်လွှာကို မရရှိပါက အသင့်အနေနှင့်စိတ်ဝင်စားမှုမရှိတော့ဟုယူဆပြီး အခြားကျောင်းသားများအား လျှောက်ထားရန် ဖိတ်ခေါ်မည် ဖြစ်သည်။
- ဤ အသင့်လျှောက်လွှာကို တင်သွင်းပြီးမှ သင်၏ စိတ် သို့မဟုတ် အခြေအနေ ပြောင်းလဲသွားသည့်အတွက် ကျောင်းဝင်ခွင့် ဆက်မလျှောက်လိုပါက ကျွန်ုပ်တို့ ၏ ကျောင်းဝင်ခွင့် လျှောက်ထားသူများစာရင်းတွင်ပါရှိသော အခြားကျောင်းသား များကို ဆက်သွယ်နိုင်ရန်အတွက် ကျေးဇူးပြု၍ ဤ ကျောင်းကို အမြန်ဆုံး အကြောင်းကြားရမည်။

သင့်၏ လျှောက်လွှာကို ပြန်လည်စိစစ်၍ လုပ်ဆောင်သင့်သည်များကို ဦးစားပေးပြီး ဆက်လက်ဆောင်ရွက်ပါမည်။ လျှောက်လွှာကိုလက်ခံပါက သင့်ထံကျောင်းဝင်ခွင့် ရကြောင်း တရားဝင် အတည်ပြုချက်ကို ပေးပို့ပါမည်။ အချို့သောအခြေအနေများ တွင် သင်၏ လျှောက်လွှာတွင်ပါရှိသော သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ ဆက်လက် စုံစမ်းမေးမြန်းရန် လိုအပ်သည်များလည်း ရှိနိုင်ပါသည်။ လိုအပ်ခဲ့ပါက သင့်အား ကျွန်ုပ်တို့ဆက်သွယ်ပါမည်။

သင်သည် နယူးဆောက်ဝေးလ် အစိုးရကျောင်း ဝင်ခွင့်လျှောက်လွှာ *Application to enrol in a NSW government school* ပုံစံကို ဖြည့်စွက်ရန်အတွက် အကူအညီလိုအပ်ပါက သင်၏ ရပ်ကွက်ရှိ မူလတန်းကျောင်းကို ဆက်သွယ်ပါ။ သို့မဟုတ် ကျွန်ုပ်တို့အထက်တန်းကျောင်းမှ ဝန်ထမ်းတစ်ဦးဦးထံ တယ်လီဖုန်း ဆက်ပြီး ရက်ချိန်းတောင်းပါ။ စကားပြန်လိုပါက တယ်လီဖုန်းစကားပြန်ဌာန 131450 သို့ ဖုန်းဆက်၍ သင်ပြောသည့် ဘာသာစကားကိုပြောပြပါ။ စကားပြန်က ကျောင်းသို့ ဖုန်းဆက်ပြီး သင်ပြောလိုသည်များကို ဘာသာပြန်ပေးပါလိမ့်မည်။ ဤ ဆောင်ရွက်မှု အတွက် သင့်အနေနှင့် အခကြေးငွေပေးရန် မလိုပါ။

သင်၏ကူညီမှု အတွက် ကျေးဇူးတင်ပါသည်။

လေးစားစွာဖြင့်

<u>ကျောင်းအုပ်ဆရာ / ဆရာမကြီး</u>

Principal